ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 5 May 2023 ၁၁၀၈၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၄

လာတော့မကွဲ့ ရှေ့ဗဟိုရ်
ဆောင်းပါး စာမျက်နှာ » ၆

လူမှုစီးပွားဘဝမြင့်မားရေး သမဝါယမက ဆောင်ရွက်ပေး
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

ဗြဟ္မစိုရ်တရားနှင့်အညီ မဂ်လာအပေါင်းလွှမ်းခြုံ

မျက်မှောက်ကာလ ကောင်းမှုအထူးပြည့်စုံသည့် မြန်မာနှစ်သစ်ကူးကာလ၊ ထို့နောက် ကဆုန်လပြည့် ထူးကဲသည့်နေ့မြတ်ကာလတို့၌ မြန်မာနိုင်ငံတစ်ဝန်းလုံး ကျက်သရေမဂ်လာအပေါင်းနှင့်ပြည့်စုံသည့် မြင်ကွင်းအဖုံဖုံကို မြင်တွေ့ရသည်မှာ စိတ်ချမ်းမြေ့စရာဖြစ်သည်။ ကောင်းသောအမှုတို့ကို တစ်နိုင်ငံလုံးလွှမ်းခြုံ ဆောင်ရွက်နိုင်သဖြင့် မြန်ပြည်တစ်ဝန်း အေးချမ်းသာယာမှုများ ပေါင်းစုနေမည်မှာ အမှန်ဖြစ်သည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမဂ်လာအခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး ခြိမ့်ခြိမ့်သဲသဲကျင်းပနိုင်ခဲ့သည်။ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ဓမ္မသဘင်ပူဇော်ပွဲများ ဆင်ယင်ကျင်းပခဲ့သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မဂ်လာအခမ်းအနားတို့ကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့သည်။

ထူးမြတ်သည့် ကဆုန်လပြည့်နေ့တွင်ပင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁ ပါးတို့ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမဂ်လာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ မဂ်လာအခမ်းအနားတို့ကို ကျင်းပခဲ့သည်။ ထို့အတူ မန္တလေးမြို့ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ထို့အတူ အခြားမြို့နယ်ဒေသအသီးသီးရှိ တန်ခိုးကြီးစေတီဘုရားပုထိုးများတွင်လည်း အလားတူ အခမ်းအနားများ၊ ဗောဓိညောင်ပင်များကို ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း စသည့်ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသည်။

ဤသို့ နိုင်ငံတော်အစိုးရက ဥပတ္ထမ္ဘက ပြုလုပ်၍ ဆရာတော်သံဃာတော်များ ဦးဆောင်ကာ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြခြင်းတို့ကို ဆရာဒကာ အညီအညွတ် ပေါင်းစုပြုလုပ်ကြသည့် ကောင်းမှုမဂ်လာအဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြ ကုန်သော ရဟန်းရှင်လူအပေါင်း၊ တိုင်းရင်းသားပြည်သူအပေါင်းတို့ ဘေးဘယာ ဝေးကွာ၍ အေးငြိမ်းချမ်းသာရှိကြပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ကောင်းမှုဝေဆာသော မြန်မာနိုင်ငံ၌ ဆရာတော် သံဃာတော်များ သက်ရှည်ကျန်းမာ၍ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ကြမည်။ အလှူရှင်၊ ကုသိုလ်ရှင်ပြည်သူများလည်း သာသနာတော်မြတ်ကြီး နေလပမာ ထွန်းလင်းတောက်ပလာအောင် ဆက်လက်၍ ကောင်းမှုအစုစုတို့ ပြုလုပ်နိုင်ကြမည်။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းငြိမ်းချမ်းသာယာဝပြောရေ စည်ပင်ဝပြောတိုးတက်လာမည်ဟူသည့် အတိတ်ကောင်းနိမိတ်ကောင်းများ ဖြစ်ထွန်းလာမည်ဟုလည်း ယုံကြည်သည်။

ထိုသို့ ထူးမြတ်သည့်အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသော အားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသောစည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ထို့အပြင် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်း ခံထားရသော အကျဉ်းသား၊ အကျဉ်းသူ ၃၈ ဦးတို့ကို သေဒဏ်မှလွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခဲ့သည်။

သို့ဖြစ်ရာ တိုင်းပြည်တစ်ပြည်၏ အခြေအနေကို အကဲခတ်ကြည့်လျှင် ဆိုင်ရာ ဘာသာတရားများက တိုင်းပြည်နှင့်လူမျိုးကို လွှမ်းခြုံထားနိုင်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏အခြေအနေသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားထွန်းကားနေသည်မှာ အမှန်ဖြစ်သည်။ မြန်မာပြည်တစ်ဝန်း၌ ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ဤသို့ကောင်းသောအမှု၊ မဂ်လာရှိသောအစုစုတို့ကို နိုင်ငံတော်အကြီးအကဲ ဦးဆောင်ဦးရွက်ပြု၍ အားလုံးညီညာဖြဖြ ကြိုးပမ်းအားထုတ်ကြသောကြောင့် မြန်မာပြည်တစ်ဝန်း ဘေးမသန်းဘဲ အေးချမ်းသာယာမှု အပေါင်းနှင့် ပြည့်စုံဝေဆာလာမည်ဖြစ်ပါကြောင်း။ ။

ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ဘားအံ မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံး နေထိုင်တော်မူကြသော ဆရာတော်၊သံဃာတော်များ၊ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲ ပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် မေ ၄ ရက်နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ကော့ကရိတ်မြို့နယ် ဖွဲ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကော့ကရိတ်မြို့နယ် ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ဆက်ကပ်လှူဒါန်း

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်နှင့် သရက်ကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုန်းကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဏ္ဍိုကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပေပင်ပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာသန္တာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေဝနိမ္မိတာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မဟာဓမ္မိကရာမဝရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့မကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄ - ၅ -၂၀၂၃)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၉၀၀	၈,၁၀၀	၁,၁၂၃	၈,၉၂၀,၉၀၀
MTSH	၂,၈၀၀	၂,၈၀၀	၄,၈၇၄	၁၃,၆၃၂,၇၀၀
MCB	၇,၀၀၀	၇,၀၀၀	၇၃	၅၁၁,၀၀၀

FPB	၁,၄၅၀	၁,၄၅၀	၂,၂၇၂	၃,၂၉၄,၄၀၀
TMH	၂,၅၀၀	၂,၅၀၀	၁,၀၂၁	၂,၅၅၂,၅၀၀
EFR	၂,၅၀၀	၂,၅၅၀	၁၉၅	၄၈၈,၅၀၀
AMATA	၄,၉၀၀	၄,၉၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၄

နိုင်ငံခြားငွေလဲလှယ်နှုန်း							
				(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၄၀၁.၄
(က)အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀	(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၈၀.၉
(ခ) ဥရောပ	တစ်ယူရို	=	၂၃၂၁.၄	(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၅၉.၉
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၃.၆၁	(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၈.၇၁
(ဃ) ထိုင်း	တစ်ဘတ်	=	၆၂.၀၅၇				
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၇၁.၅၉				
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၆၆၈				

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂ဓ၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈ဖ၁၀ဖ၈၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံစဉ် ရှေးယခင်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကောင်းမွန်ခဲ့မှုနှင့် တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ယဉ်ကျေးမှုနှင့်ဘာသာရေး အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရေးအရ ချစ်ကြည်ရင်းနှီးမှုမှသည် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒ့ေါ်ဘုရားကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ဗုဒ္ဓစင်တာနှင့် ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ဆောက်ထားမှု အခြေအနေများ၊ ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် စကျင်ကျောက်တော်ဖြင့် ထုဆစ်ထားသည့်မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ပြီး ဘုန်းတော်ကြီးက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆုမွန်တောင်းစကားပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ် ဘုန်းတော်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ် ဘုန်းတော်ကြီးနှင့်အတူ အော်သိုဒ့ေါ် ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Dr. Nikolay Listopadov တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို စင်ကာပူနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာ ရုရှားအော်သိုဒ့ေါ်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ ရုရှားအော်သိုဒ့ေါ် ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်မြို့၌ ရုရှားအော်သိုဒ့ေါ် ဘုရားကျောင်း တည်ဆောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုခိုင်မြဲစေနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာသင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၃ ဦးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနခွဲ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ရှေးဦးစွာ သင်တန်းဆင်းကျောင်းသား ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

သိရှိထားရန်လိုအပ်

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းသား ကျောင်းသူများကို လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ သင်ကြားတတ်မြောက်လာသည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင်ကြိုးစားလေ့လာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် **"ပို့ဆောင်ဆက်သွယ်ပြည်ကျိုးရွယ်"** ဟူသည့် ဆောင်ပုဒ်ချမှတ်ပြီး သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် တာဝန်များကို သိရှိထားရန်လိုအပ်ကြောင်း၊ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အတွေ့အကြုံများကို လေ့လာသင်ယူ၍ မိမိတာဝန်ကို အကောင်းဆုံးကြိုးပမ်းထမ်းဆောင်ကြရန် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းဌပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်အပါအဝင် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကျင့်ကြံရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး၊ တတ်မြောက်ထားသည့် နည်းပညာအသုံးချ၍ ဝန်ကြီးဌာန၏ကောင်းကျိုးအတွက် အားထားရသူများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်း ၁၉ ခုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများအား အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာသင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၄၆ ဦးအနက် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၂၃ ဦး တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ဝန်ကြီးဌာနအတွင်းရှိ ဌာနခြောက်ခုတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

နေပြည်တော် မေ ၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ (ပုံ-၁)တွင် ဖော်ပြထားသည့် မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒ စခန်း ၄၁ ခုတွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းတာရရှိခဲ့

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့်စခန်း ၄၁ ခုအနက် မန္တလေး (ချမ်းအေးသာစံ)၊ မန္တလေး(ချမ်းမြသာစည်)၊ မြစ်ကြီးနား၊ ပူတာအို၊ ခန္တီး၊ လားရှိုး၊ တောင်ကြီး၊ မိုင်းဆတ်၊ စစ်ကိုင်း၊ ဟုမ္မလင်း၊ ဟားခါး၊ ညောင်ဦး၊ မုံရွာ၊ ပျဉ်းမနား၊ ကသာ၊ ပြင်ဦးလွင်၊ လွိုင်ကော်၊ စစ်တွေ၊ ကျောက်ဖြူ ဘားအံ၊ ကော့ကရိတ်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းစခန်းတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၂၄ စခန်းအနက် ၂၃ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မိုင်းဆတ်စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၂၄ စခန်း၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ-၂)

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

စဉ်	စခန်းအမည်	pH
၁	မန္တလေး (ချမ်းအေးသာစံ)	၆.၈
၂	မန္တလေး (ချမ်းမြသာစည်)	၆.၈
၃	မြစ်ကြီးနား	၆.၆
၄	ပူတာအို	၆.၈
၅	ခန္တီး	၆.၈
၆	လားရှိုး	၆.၇
၇	တောင်ကြီး	၇.၁
၈	မိုင်းဆတ်	၆.၄
၉	စစ်ကိုင်း	၆.၈
၁၀	ဟုမ္မလင်း	၆.၇
၁၁	ဟားခါး	၆.၉
၁၂	ညောင်ဦး	၆.၆
၁၃	မုံရွာ	၆.၇
၁၄	ပျဉ်းမနား	၆.၇
၁၅	ကသာ	၆.၇
၁၆	ပြင်ဦးလွင်	၆.၉
၁၇	လွိုင်ကော်	၆.၅
၁၈	စစ်တွေ	၆.၇
၁၉	ကျောက်ဖြူ	၆.၈
၂၀	ဘားအံ	၇.၁
၂၁	ကော့ကရိတ်	၇.၁
၂၂	ထားဝယ်	၆.၉
၂၃	မြိတ်	၇.၁
၂၄	ကော့သောင်း	၇.၀



ပုံ (၂)၊ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သည် ယနေ့ညနေပိုင်းတွင် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီတွင် အခမ်းအနားကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည့် စင်မြင့်ဆောက်လုပ်ပြီးစီးမှု၊ အသံပိုင်း၊ ရုပ်ပိုင်းနှင့် မီးပိုင်းဆိုင်ရာစနစ်များ တပ်ဆင်ပြီးစီးမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ဆောင်ရွက်မည့် အစီအစဉ်များ ကြိုတင်ဇာတ်တိုက် လေ့ကျင့်နေမှု၊ ရွှေကြိုမောင်မယ်များ လေ့ကျင့်နေမှု၊ အခမ်းအနားမှူးများ လေ့ကျင့်မှု၊ ဂုဏ်ပြုလျှောက်လမ်း (Red carpet) နေရာ ပြင်ဆင်ထားမှု၊ မီးရှူးမီးပန်းများ စမ်းသပ်စဖောက်မှု၊ နေရာထိုင်ခင်း ပြင်ဆင်လျှာထားမှု၊ ရောင်စုံအလှမီးများ တပ်ဆင်ထားမှုနှင့် အကြိုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များ၊ တေးသီချင်းများအပါအဝင် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ရန် ရုပ်ရှင်အနုပညာလောကမှ အနုပညာရှင်အချို့နှင့် ရွှေကြိုမောင်မယ်များ ရောက်ရှိနေကြပြီး အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များအနက်မှ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ (Fashion Awards) ကို အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦး ရွေးချယ်ချီးမြှင့် သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ ကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးပြီး မေ ၃ ရက်တွင် ကျရောက်သော ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဗီဒီယိုကွန်ဖရင့်ဖြင့် အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့နှင့် သက်ဆိုင်သောအကြောင်းအရာများ ဟောပြောဆွေးနွေးကြရာ "နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ကလည်းကောင်း၊ "သတင်းထုတ်လုပ်ဖြန့်ဝေသူတို့၏တာဝန်" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး) ကလည်းကောင်း၊"ဒီမိုကရေစီနှင့် သတင်းလွတ်လပ်ခွင့်"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံကလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော်၊ မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား(၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန ခွဲ (နေပြည်တော်)၊ ဝ၆၇-၃၄၁၂၄၄၃၂၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၅၂ ၀၁-၅၄၄၅၈၅၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG4 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးနှင့် MG, MGZS အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် ၂၅ စီး စုစုပေါင်းလျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လာတော့မကွဲ့ ရွှေဗဟိုရ်

မောင်ဂတိ

ကြာတော့ ကြာခဲ့ပါပြီ။ ၁၉၆၈/၁၉၆၉ ကျွန်တော်တို့အခြေခံပညာ အထက်တန်းကျောင်းသားဘဝကဖြစ်သည်။ ထိုစဉ်က မြန်မာစာတွင် ကဗျာလက်ရွေးစင်နှင့် စကားပြေလက်ရွေးစင်ဟူ၍ နှစ်မျိုးပြဋ္ဌာန်းခဲ့၏။ ကိုးတန်းနှင့် ၁၀ တန်း နှစ်နှစ်စလုံးအတွက် အကျုံးဝင်ရာ ၁၀ တန်းစာမေးပွဲဖြေဆိုရာတွင် ကိုးတန်းက သင်ခဲ့ပြီးသောစာများပါ ပြန်လည်ကျက်မှတ်ကြရ၏။ အင်္ဂလိပ်စာတွင်လည်း ထိုနည်းတူ ကျက်မှတ်ဖြေဆိုခဲ့ကြရသည်။ ကိုးတန်းက ရိုတ်စပီးယားကို မလွတ်နိုင်သလို ၁၀ တန်းတွင် အဓိကသင်ယူရသည့် တီထွင်သူခုနစ်ဦးက လည်း အဓိကကျပြန်၏။ ယခု ကျွန်တော်တင်ပြလိုသည်မှာ ပြဋ္ဌာန်း စာများအကြောင်းမဟုတ်ပါ။ တစ်ချိန်က အာဂုံဆောင် ကျက်မှတ်ခဲ့ ရသော လက်ရွေးစင်ကဗျာများထဲမှ သပြေညိုကဗျာလေးကို ကျွန်တော့်အတွေးပုံရိပ်တွင် အမှတ်မထင်ပေါ်လာခဲ့ရာ ....

"သပြေညို"

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေ (ပြည်) မှာ တို့မေကမ်းပါတဲ့၊
သပြေညို ရွှေဘိုပန်းဟာက၊
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့၊
လာတော့မကွဲ့ ရွှေဗဟိုရ်
လေချိုက အသွေး။
လင်းကြက် အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

တစ်တိုင်းပြည်လုံးက ဒို့လူရည်ချွန်

အတာသင်္ကြန်လွန်မြောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း လေ့လာအပန်းဖြေရန် ကောင်းမွန်သောခရီးစဉ်ဒေသများတွင် လူရည်ချွန်စခန်းဖွင့်ပွဲနှင့်အတူ လှုပ်ရှားမှုများကို တွေ့မြင်ကြားသိ ဖတ်ရှုနေရသည်။ ထို့အပြင် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်နှင့် အခြားသက်မွေးသင်တန်းကျောင်းများလည်း ဖွင့်လှစ်သင်ကြားပေး လျက်ရှိ၏။ ဟိုတစ်ချိန်က အလုပ်သမားနေ့နှင့်ဆက်စပ်၍ နွေရာသီ လုပ်အားပေးစခန်းကိုလည်း နိုင်ငံတော်က ကိုယ်စားလှယ်ကြီးများအား ဧည့်ခံကျွေးမွေးရေးတာဝန်သာမက စာတွေ့လက်တွေ့သင်ခန်းစာများ အပြင် လေ့လာရေးခရီးစဉ်များကိုပါ ရန်ကုန်တိုင်းအတွင်း စီစဉ်ပေးခဲ့ သည်။ လူရည်ချွန်မောင်မယ်များအား တူညီဝတ်စုံဖြင့် တက်ကြွစွာ မြင်တွေ့ရသည့်အခါ တစ်ချိန်က ဆရာဗိုလ်ကျော်ဆန်း စပ်ဆိုရေးသား ထုတ်လွှင့်ခဲ့သော တစ်တိုင်းပြည်လုံးက ဒို့လူရည်ချွန်..... အစချီသော သံပြိုင်သီချင်းဆိုကြပုံကို မျက်ဝန်းထဲတွင် ပြန်လည်မြင်ယောင်နေမိ သည်။

မှတ်မှတ်ရရ ဧပြီလ ၂၆ ရက်နေ့ နံနက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံ၍သြဝါဒစကားမြွက်ကြား ရာတွင် "လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်ပါ ကြောင်း၊ လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိ ကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် ထား တိုက်တွန်းမှာကြားလိုပါကြောင်း" ပြောကြားခဲ့ရာ ငယ်စဉ် ကျောင်းသားဘဝက ကျောင်းကောင်စီအဓိဋ္ဌာန်ဖြစ်သည့် "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစား မည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်" ကို ပြန်လည်သတိရမိ၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က "ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာ များတတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစား အားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန် ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူစွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ် နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း" ပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေး ဦးတည်ချက် (၄) ချက်အနက် စတုတ္ထအချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံ ပညာရေးကဏ္ဍမြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက် နေခြင်းဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်၏။

ပြောင်းလဲမှုများက အနမတဂ္ဂ

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းက ရှည်လျားလှသည်။ အခန်းဆက်ဝတ္ထုရှည်ကြီးဖတ်နေရသလို ရုပ်ရှင်စကားနှင့်ပြောရလျှင် ဇာတ်လမ်းတွဲဇာတ်ကားကြီးကြည့်နေရသလို ခံစားမိသည်။ ခေတ် အဆက်ဆက်ဖြစ်ပေါ်ပြောင်းလဲမှုများက အနမတဂ္ဂ။ ပြောမဆုံးပေါင် တောသုံးထောင်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတစ်ခုတည်း ကိုကြည့်၊ အခက်အခဲအကျပ်အတည်းများက မတန်တဆ။ နိုင်ငံရေးက လှုပ်လီလှုပ်လဲ့။ အဖျက်အမှောင့်က ဟိုတစ်စ သည်တစ်စ။ စီးပွားရေး က ကမောက်ကမ။ အနုတ်ကစရ၊ သည်ကြားထဲ ကိုဗစ်က နာလန်မထူ အောင် ဒုက္ခပေးသည်မှာ အားလုံးအသိ။ ယခုထိ မငြိမ်သေး၊ အိုမီခရွန် ကြောင့် အဆုံးအရှုံး၊ အပျက်အစီးမများ၍သာ ကျေးဇူးတင်ရမည်။

သူနှင့်ပတ်သက်၍ မချစ်သော်လည်း အောင့်ကာနမ်းရမည်မှာ သေချာသည်။ သည်ကြားထဲ မျိုးရိုးဗီဇကွဲများ တစ်ခုပြီးတစ်ခုပေါ်နေ သည့်အတွက် မမှတ်မိအောင်ပင်။ သူတို့အဆိုအရ ဗားရှင်းများက မဆုံးနိုင်။ စမ်းသပ်တွေ့ရှိသူကများတော့ သူတို့ပြောသမျှ နားထောင်ရ၊ လိုက်နာရ၊ သတိပြုကြရသည်။ ပစ်ပယ်၍လည်း မဖြစ်သည့်ဘဝ မဟုတ်ပါလား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ အစောပိုင်းကတည်း က "No one is safe, unless everyone is safe."ဟု ပြောထားသည်။ တစ်ဦးချင်းလုံခြုံစိတ်ချရအောင် မနေနိုင်သမျှ မည်သူမျှ လုံခြုံမည် တိုးပွားလာမည့် အရိပ်အယောင်ပေါ်နေပြီ။ သည်လိုအခြေအနေ၊ အချိန်ကာလမျိုးတွင် သူတို့ဆီမှာမူ အင်္ဂျီလက်မောင်းကို လိပ်တင် ရန် အားပေးကြသည်။ မြန်မာဆန်ဆန် ခါးတောင်းမြှောင်အောင် ကျိုက်ထားကြဟေ့ဟု ဆော်သြလိုက်ချင်သည်။ အဓိကမှာ မိမိတို့ ကျရာအခန်းကဏ္ဍမှ အကောင်းဆုံး လုပ်ကိုင်ပြသကြရန်ဖြစ်၏။

တိုင်းပြည်စည်ပင်သာယာဝပြောရန်အတွက် ငြိမ်းချမ်းရေးက ပဓာနကျသည်။ ဤအတွက် နိုင်ငံတော်က အထူးအလေးထား ဝါယမစိုက် ကြိုးစားလုပ်ကိုင်လျက်ရှိ၏။ လွတ်လပ်ရေးနှင့်ထပ်တူ အမြစ်တွယ်လာခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုသမိုင်းက ရှည်လျား ခဲ့ရာ တစ်ခဏချင်းပြီးနိုင်ရန် ခက်ခဲနေသေးသည်။ အမြင်များအားလုံး တစ်ထပ်တည်း၊ တစ်သားတည်း၊ တစ်ညီတည်းဖြစ်ရန် ကြိုးစား လှုပ်ရှားကြရသည်။ အရှေ့ဘက်မိုးကုပ်စက်ဝန်း၏ အနားလိုင်းပေါ် တွင် ရောင်နီက မေးတင်စပြုပြီ။ ငြိမ်းချမ်းရေးအတွက် သီချင်းတစ်ပုဒ် မက မြန်မာ့ရုပ်သံက ည ၈ နာရီ သတင်းမလာမီ အပုဒ်ပေါင်းများစွာကို အလှည့်ကျလွှင့်ကာ ဆော်သြလျက်ရှိ၏။

သီချင်းစာသားတိုင်းက အဓိပ္ပာယ်လေးနက်၏။ သေချာဂရုစိုက် နားထောင်လျှင် သဘောပေါက်ကြပါမည်။ အမှန်ပြောရလျှင် ကျွန်တော်တို့အားလုံး တက်ညီလက်ညီကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပါသည်။ ယင်းသို့လုပ်ကိုင်ရာတွင် ကျွန်တော်တို့၏အားသည် ကျွန်တော်တို့ခန္ဓာကိုယ်ထဲတွင်ပင်ရှိသည်။ နိုင်ငံနှင့်ခြုံပြောရလျှင် ပြည်တွင်းမှာသာရှိပါသည်။ စိတ်ကူးမလွဲဘဲ ယုံကြည်စွာလုပ်ကြရပါ မည်။ တစ်ခုတော့ သတိပြုစေချင်သည်။ ယင်းသို့လုပ်ကိုင်ရာတွင် ကျွန်တော်တို့အားလုံး အဂတိကင်းကြရန်လိုသည်။ ဤစကားရပ်လေးမှာ စကားလေးသုံးလုံးသာရှိသော်လည်း သဘောသဘာဝမှာ လေးနက်ကျယ်ပြန့်၏။ သူနှင့်ဝေးလျှင် ကျွန်တော်တို့ အေးအေးချမ်းချမ်းရှိမည်။ လူမှုစီးပွားဘဝ တိုးတက်မြင့်တင်နိုင်မည်။ သူ့ကိုထိန်းချုပ်ရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေး အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီး ချုပ်က "အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေ" ဟု မီးမောင်း ထိုးပြခဲ့ရာမှ တစ်ဆက်တည်း ပြည်တွင်းစီးပွားရေးတိုးတက်လာပါက ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အချုပ်ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်တို့သည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏အနာဂတ် ထွန်းပြောင် စေရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်နှင့်အညီ ကျွန်တော်တို့ အားလုံး ရောင်နီမှာ အောင်စည်ရွှမ်းရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

> **"စီးပွားရေးနှင့်ပတ်သက်၍ အိမ်မြှောင်က ဇောက်ထိုးပြခဲ့သည်။ မပြလည်း မဖြစ်တော့သည့်အခြေအနေ။ နိုင်ငံရေးဖိနှိပ်မှုနှင့်အတူ ကမ္ဘာ့စာအုပ်ကြီးထဲကအတိုင်း ဖြတ်လေးဖြတ်လုပ်လာပြန်၏။ သည်အထဲ ကိုဗစ်က တစ်ဆင့်ပြီး တစ်ဆင့်။ မြွေပူရာ ကင်းမှောင့်၊ မီးလောင်ရာ လေပင့်ဆိုရမလားမသိ။ မည်သို့ရှိစေ ပြည်သူ့အား၊ သယံဇာတအား မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယနှင့် ဖြောင့်မတ်သောခေါင်းဆောင်မှုအားတို့က အနုတ်မှ အားမျှခြေ၊ ထိုမှတစ်ဆင့် အပေါင်းဘက်သို့ ပြလာပြီ။ လက်ရှိအရှိန်အဟုန်အရ အပေါင်းများ တိုးပွားလာမည့် အရိပ်အယောင်ပေါ်နေပြီ။ သည်လိုအခြေအနေ၊ အချိန်ကာလမျိုးတွင် မြန်မာဆန်ဆန် ခါးတောင်းမြှောင်အောင် ကျိုက်ထားကြဟေ့ဟု ဆော်သြလိုက်ချင်သည်။ အဓိကမှာ မိမိတို့ကျရာအခန်းကဏ္ဍမှ အကောင်းဆုံး လုပ်ကိုင်ပြသကြရန်ဖြစ်"**

> **"အမှန်ပြောရလျှင် ကျွန်တော်တို့အားလုံး တက်ညီလက်ညီကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပါသည်။ ယင်းသို့လုပ်ကိုင်ရာတွင် ကျွန်တော်တို့၏အားသည် ကျွန်တော်တို့ခန္ဓာကိုယ်ထဲတွင်ပင်ရှိသည်။ နိုင်ငံနှင့်ခြုံပြောရလျှင် ပြည်တွင်းမှာသာရှိပါသည်။ စိတ်ကူးမလွဲဘဲ ယုံကြည်စွာလုပ်ကြရပါမည်။ တစ်ခုတော့ သတိပြုစေချင်သည်။ ယင်းသို့လုပ်ကိုင်ရာတွင် ကျွန်တော်တို့အားလုံး အဂတိကင်းကြရန်လိုသည်။ ဤစကားရပ်လေးမှာ စကားလေးသုံးလုံးသာရှိသော်လည်း သဘောသဘာဝမှာ လေးနက်ကျယ်ပြန့်၏။ သူနှင့်ဝေးလျှင် ကျွန်တော်တို့ အေးအေးချမ်းချမ်းရှိမည်။ လူမှုစီးပွားဘဝ တိုးတက်မြင့်တင်နိုင်မည်"**

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၅ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ် ၊ မေလ ၄ ရက်)

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့ မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၀)ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြိုတိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၆ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ် ၊ မေလ ၄ ရက်)

မြိုတိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ သပြေကုန်း၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၂၄၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြိုတိုင်းရင်းသားပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

မြိုတိုင်းရင်းသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၁) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ (တတိယအကြိမ်)အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၄

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံ တစ်ပုံကို ပိုင်ဆိုင်ထား၍ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်ကာ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထောက်ပံ့ပေးနိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိကြောင်း၊ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၊ ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့် အပေါ် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းသယံဇာတနှင့် အဏ္ဏဝါဂေဟစနစ်များအား စနစ်တကျ ထိန်းသိမ်းပြီး သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်ရေးအတွက် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်နှင့် အရိပ်ရပင်များ တိုးမြှင့်စိုက်ပျိုးရေး၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက် သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများထိန်းသိမ်းရန် အရေးကြီးသော Hot Spot နေရာများ သတ်မှတ်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေး (Blue Economy) သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက်သာမက ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပင်လယ်သမုဒ္ဒရာဂေဟစနစ် တည်ငြိမ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ဖော်ထုတ်နိုင်ရေးအတွက် အခြေခံကျသော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်ထည်ဖော်လျက်ရှိကြောင်းနှင့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆက်စပ်ဌာနများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ကဏ္ဍအလိုက် ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတကို မထိခိုက်သော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရေး၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် သုတေသနစင်တာများ ထူထောင်ရေး၊ Marine Ecotourism ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငါးမဖမ်းရနယ်မြေများ သတ်မှတ်ဆောင်ရွက်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများ ကာကွယ်ရေး၊ သဘာဝမှရရှိသော သယံဇာတများကို မှီခိုထုတ်လုပ်မှုလျော့နည်းစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်း တိုးတက်လာစေရေး၊ ပင်လယ်လိပ်များ ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃) ကျင်းပ

နေပြည်တော် မေ ၄

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အလိုက် ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

သတင်းထုတ်ပြန်ချက် (၆/၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် ၃၁/ ၂၀၂၃ ဖြင့် အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅ – က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၂၁၅၃ ဦးကို ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် ၃၂/ ၂၀၂၃ ဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/သူ ၃၈ ဦးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြပြီး သေဒဏ်လွတ်ငြိမ်းခွင့်ရကြသူများအနေဖြင့်လည်း အသက်ရှင်သန်ခွင့် ရရှိကြပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထပ်တူ လွန်စွာဝမ်းမြောက်ဝိတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာ Grade 9 နှင့် Grade 12 သင်ရိုးသစ် ဗဟိုအဆင့်သင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၄

ပညာရေးဝန်ကြီးဌာန အခြေခံပညာ Grade 9 နှင့် Grade 12 သင်ရိုးသစ် ဗဟိုအဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကြီးကြပ်မှုဖြင့် Grade 9 နှင့် Grade 12 သင်ရိုးသစ်များကို ကိုယ်တိုင်ရေးသား ပြုစုခဲ့ကြသော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းကော်မတီမှ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်ကြားပို့ချမည်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆–၂၀၁၇ ပညာသင်နှစ်မှ စတင်ကာ KG + 12 သင်ရိုးသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုပညာသင်နှစ်သည် Grade 9 နှင့် Grade 12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်သဖြင့် အတန်းစဉ်အားလုံး သင်ရိုးသစ်ဖြင့် ပြည့်ဝစွာ အကောင်အထည်ဖော် ပြီးမြောက်ပြီဖြစ်ကြောင်း၊ သင်ရိုးသစ်များသည် ကျောင်းသား ကျောင်းသူများကို ၂၁ ရာစု ကျွမ်းကျင်မှုများရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီစေရန် ရည်ရွယ်ကာ ရေးဆွဲပြုစုထားပါကြောင်း၊ Grade 9 နှင့် Grade 12 သင်ရိုးသစ်ကို ကိုယ်တိုင်ရေးသားခဲ့ကြသော တက္ကသိုလ်ပါမောက္ခများ၏ တိုက်ရိုက်သင်ကြားပြသမှုရရှိ စေရန်ရည်ရွယ်၍ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများကို ဗဟိုအဆင့်နည်းပြသင်တန်း ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ ယခုသင်တန်းပြီးပါက သက်ဆိုင်ရာ တက္ကသိုလ်အလိုက် သတ်မှတ်ဧရိယာများရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာ ဆရာ ဆရာမများကို တက္ကသိုလ်ဆရာကြီး ဆရာမကြီးများက တိုက်ရိုက်ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချ သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

ဗဟိုအဆင့်သင်တန်းမှ ဆင့်ပွားသင်တန်း၊ ထပ်ဆင့် ဆင့်ပွားသင်တန်းများမှတစ်ဆင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများကို အရည်အသွေးပြည့်ဝသော၊ ဗဟုသုတကြွယ်ဝ၊ ပြည့်စုံသော လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လေ့ကျင့် သင်ကြားပေးကြမည့် အခြေခံပညာ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေး ဆရာကြီး ဆရာမကြီးတို့က

တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ၁၂၇၉ ဦးနှင့် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဝမ်းမြောက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ဗဟိုအဆင့် နည်းပြသင်တန်းသို့ တက္ကသိုလ်များမှ သင်တန်းသား သင်တန်းသား အခြေခံပညာ ဆရာ ဆရာမ ၂၀၀ တက်ရောက်ကြပြီး Grade 12 သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းကို Naypyitaw State Academy တွင်လည်းကောင်း၊ Grade 9 သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းကို နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း မေ ၄ ရက်မှ ၁၀ ရက်အထိ ၇ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများနှင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေး လုပ်ငန်းအဆင့်တိုင်းတွင် သတ်မှတ်စံနှုန်းများနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျွဲနွားကူးစက်ရောဂါ ကာကွယ်ဆေး ငါးမျိုး၊ ဝက်ရောဂါကာကွယ်ဆေးနှစ်မျိုး၊ ကြက်ရောဂါကာကွယ်ဆေး တစ်မျိုးနှင့် ဆင်ရောဂါ ကာကွယ်ဆေး တစ်မျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများနှင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဌာနစုများသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ယူနစ်များအလိုက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တိရစ္ဆာန်ကူးစက်ရောဂါများ စူးစမ်းရှာဖွေခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို စစ်ဆေးပြီး ကျန်းမာရေး ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခြင်း၊ ရောဂါတုံ့ပြန်နိုင်မှု (Antibodies Titer) တိုင်းတာခြင်း၊ ကွင်းဆင်းနမူနာကောက်ယူခြင်း စသည့် လုပ်ငန်းအဆင့်တိုင်းတွင် သတ်မှတ်စံနှုန်းများနှင့်အညီ ဖြစ်စေရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် တိရစ္ဆာန်များမှ ကူးစက်တတ်သောရောဂါများ မပြန့်ပွားစေရေး အတွက် ကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် မဂ်လာဒုံမြို့နယ် ပေါင်ဋူ ပျားလုပ်ငန်းဌာန၏ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဘဏ္ဍာနှစ် အလိုက် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပျားရည်တွင်ပါဝင်သည့် သကြားဓာတ်ပါဝင်မှု စစ်ဆေး၍ မွေးမြူရေးပျားရည် ဖြစ်ကြောင်း ထောက်ခံချက်ပေးခြင်း၊ အမျိုးသားဓာတ်ကြွင်းအဆင့် စောင့်ကြည့်ရေး အစီအစဉ် (NRMP)အတွက် နမူနာပျားရည်များကောက်ယူခြင်း၊ မျိုးကောင်းမျိုးသန့် ပျားဘုရင်မများကို သဘာဝနည်းဖြင့် မွေးမြူခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပျားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဂ်လာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ အုပ်စုရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု(ပေါင်ဋူ)သို့ ရောက်ရှိရာ တာဝန်ရှိသူများက မျိုးသန့်နွားသိုးငယ်များ ပြုစုပျိုးထောင်ခြင်း၊ မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နိုက်ထရိုဂျင် ဓာတ်ငွေ့ရည်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နွားမေထုန်မဲ့ သားစပ်ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၄

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိလာရောက်လည်ပတ်စေရေးနှင့် ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ၊ Myanmar Airways International (MAI) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ Royal Su Latt Thakhin ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ရုရှားနိုင်ငံမှ ခရီးသွား အေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားဝါသနာရှင်များပါဝင်သောအဖွဲ့အတွက် ရင်းနှီးကျွမ်းဝင်သည့် ခရီးစဉ် (Familiarization Trip–FAM)ကို စီစဉ်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိက ပါဝင်သော လုပ်ငန်းအဖွဲ့ဖွဲ့၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနက ရုရှားခရီးသွားများ လွယ်ကူချောမွေ့စွာဝင်ရောက်နိုင်ရေးအတွက် လေကြောင်းလိုင်းကိစ္စ၊ ငွေကြေးသုံးစွဲမှုကိစ္စရပ်နှင့် လိုအပ်သည်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပူးပေါင်း၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများ၏ ထိခိုက်ခံစားရမှုများကို ပုံဂံကဲ့သို့ ထင်ရှားသော ခရီးစဉ်ဒေသများ၌ ပိုမိုသိသာစွာတွေ့ရှိရကြောင်း၊ ထိခိုက်မှုများကုစားနိုင်ရေးအတွက် ဝန်ကြီးဌာနက ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပခရီးသွားပိုမိုဝင်ရောက်လာရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အားလုံးပိုင်းဝန်း ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လေကြောင်းလိုင်းနှင့် လုပ်ငန်းရှင်များက ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းတို့ မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၄

ကျောင်းသား ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ် အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကိုတနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကိုလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

လေ့ကျင့်သင်ကြားပေး

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိလေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ပန်းတောင်း မေ ၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ချက်စာစောင်များဖြင့် အသိပညာပေးခြင်းတို့ကို မေ ၄ ရက်နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်- ၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် ရုံးဝန်ထမ်းများ၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပါးစပ်နှာခေါင်းစည်း ၃၂၀၀ အား ပန်းတောင်း-တောင်ကုတ်အဝေးပြေးလမ်းမကြီး၌ ဖြတ်သန်းသွားလာလျက်ရှိသည့်ယာဉ်များ၊ ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့်မြို့မစျေးရှိ စျေးရောင်း စျေးဝယ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

လူမှုစီးပွားဘဝမြင့်မားရေး သမဝါယမက ဆောင်ရွက်ပေး

K ဇင်သစ် (မန်းတက္ကသိုလ်)

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် နိုင်ငံတော်က ရှုထောင့်အဖုံဖုံ၊ ကဏ္ဍအစုံစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မျက်မှောက်ကာလတွင် ပို၍ဆောင်ရွက်ပေးလျက်ရှိနေသည်ကို သတိပြုမိသည်။ အမှန်လည်း ကျေးလက်လူမှုစီးပွားဘဝမြင့်မားမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ သယံဇာတပေါကြွယ်ဝသည့် အမိနိုင်ငံအဖို့ ပြည်ပပို့ကုန်တင်ပို့မှုတွင် ကုန်ကြမ်းအဖြစ်သာ တင်ပို့မှုကများနေသည်ကို တွေ့နေရသည်။ ပြည်ပတင်ပို့မှုမှ နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရရှိနေခြင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းက အဓိကအပိုင်းမှ ပါဝင်နေသည်ဟု ဆိုရပေမည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ကျေးလက်နေတောင်သူများက စိုက်ပျိုး၊ မွေးမြူ၍ ထုတ်လုပ်ပေးနေခြင်းကြောင့်သာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အမြောက်အမြား ရရှိနေသည်ဟု ဆိုနိုင်ပေမည်။ ပွဲစား၊ ကုန်သည်၊ Exporter များက စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော်လည်း အဆိုပါ တင်ပို့နေသည့် ကုန်ပစ္စည်းများသည် တောင်သူတစ်ဦးချင်းစီက ထုတ်လုပ်ခြင်းကြောင့် တင်ပို့ခွင့်ရနေကြသည်ဆိုသည်ကို မမေ့လျော့သင့်ပါ။

အရင်းမပျောက် လည်ပတ်ရန်ပုံငွေ

တောင်သူများစိုက်ပျိုးကြသည့် စပါး၊ ပြောင်း၊ ပဲ၊ နှမ်း၊ ဖရဲ၊ ကြံ၊ ငရုတ် စသည့်သီးနှံများ၊ နှစ်ရှည်ပင်မှထွက်ရှိသည့် သီးနှံများ ပြည်ပသို့တင်ပို့ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရရှိနေသော်လည်း တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားမှုမှာကား ထင်သလောက် ရှေ့သို့ရောက်လာခြင်း မရှိနိုင်သေးသည်ကလည်း လက်တွေ့မှာ အမှန်တွေ့နေရပြန်သည်။ နိုင်ငံအတွက် စားရေရိက္ခာ ပေါကြွယ်ဝရေးနှင့် နိုင်ငံခြားငွေများစွာ ရရှိနိုင်ရေး အတွက် နေပူမရှောင်၊ မိုးရွာမရှောင် စိုက်ပျိုး၍ ဘဝကိုရုန်းကန်ကြိုးစားနေကြသည့် တောင်သူများ အတွက် အစုအဖွဲ့များ၊ သမဝါယမအသင်းများ ဖွဲ့စည်းပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ယင်းတို့၏ လူမှုစီးပွားဘဝမြင့်မားရေး အတွက် ဆောင်ရွက်ပေးနေခြင်းများကမူ ထိုက်သင့်သလောက် အရာရောက်နေပြီဟု ဆိုချင်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product-OVOP)၊ အကျိုးတူလယ်ယာစနစ် ကန်ထရိုက်လယ်ယာ(Contract Farming)၊ ဆန်စက်၊ ဆီစက် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပြီး အများအကျိုးအတွက် ထမ်းရွက်သယ်ပိုးလိုစိတ်ရှိသူ၊ သမဝါယမစနစ်ကို ယုံကြည်ပြီး စိတ်ပါဝင်စားသူများ၊ အမှန်တကယ် အလုပ်လုပ်သူများဖြင့် စည်းရုံးဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းများကို မျက်မှောက်ကာလတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိနေသည်ဟု ကြားသိရ၍ ဝမ်းသာနေမိသည်။

နိုင်ငံအတွက် အလုပ်အကျွေးပြုနေကြသည့် ကျေးလက်နေတောင်သူများကို သမဝါယမဦးစီးဌာနဝန်ထမ်းများက အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စုပေါင်းဆောင်ရွက်ခြင်းကြောင့် အသင်းသားကိုယ်စီ တိုးတက်မှုအလီလီ ရရှိလာခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံး၍ အများဆန္ဒနှင့်အညီ သမဝါယမအသင်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေး ဖွဲ့စည်းဆောင်ရွက်ပေးနေကြောင်း ကြားသိရ၍ လည်း များစွာဂုဏ်ယူနေမိသည်။

(ဇယား-၁) တိုင်းဒေသကြီး/ ပြည်နယ်များမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် မြစိမ်းရောင်(သမဝါယမ)စီမံကိန်းဆောင်ရွက်ရန် လျာထားတင်ပြထားမှုအခြေအနေ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ် အရေ အတွက်	အသင်း အရေ အတွက်	အသင်း သား ဦးရေ	ဆောင်ရွက်လိုသည့်လုပ်ငန်းအတွက် ရန်ပုံငွေရရှိမှု (ကျပ်သန်း)				
					စိုက်ပျိုးရေး (သွင်းအားစုနှင့် ထွန်ယက်ခ + ကန်ထရိုက် လယ်ယာ)	မွေး မြူ ရေး	ကျေးရွာ တစ်ရွာ ထုတ်ကုန် တစ်ခု + အရောင်းဆိုင်	စက်ရုံများ တည်ဆောက်ခြင်း (သဘာဝမြေဩဇာ+ ဆန်စက် + ဆီစက်)	စုစုပေါင်း
၁	ကချင်	၁၂	၆၀	၃၄၃၅	၁၀၈၀.၀၀	၂၅၇.၅၀	၉၀၀.၀၀		၂၂၃၇.၅၀
၂	ကယား	၁	၁၉	၃၉၃	၂၄၅.၀၀	၁၆၅.၀၀			၄၁၀.၀၀
၃	ကရင်	၂	၄	၃၄	၂၈၀.၀၀	၁၁၁.၆၀		၁၈၃၀.၀၀	၂၂၂၁.၆၀
၄	ချင်း	၅	၂၈	၅၂၃	၄၈၁.၀၀	၆၆၁.၂၀	၁၉၄.၃၀		၁၃၃၆.၅၀
၅	တနင်္သာရီ	၁	၁	၁၅	၁၅၀.၀၀				၁၅၀.၀၀
၆	မွန်	၈	၃၉	၁၆၇၄	၁၀၅၅.၆၀	၂၁၅.၀၀	၂၀၀.၀၀		၁၄၇၀.၆၀
၇	ရခိုင်	၁၁	၂၈	၁၃၃၄	၄၁၄.၄၀	၁၆၄.၆၀	၃၆၆.၃၀		၉၄၅.၃၀
၈	ရှမ်း	၄	၂၆	၈၈၃	၃၅၈.၃၀	၁၄၅.၅၀	၂၅၅.၀၀	၅၁၀.၀၀	၁၂၇၀.၈၀
၉	ပအိုဝ်း	၃	၂	၃၆	၁၄၂.၉၀			၇၀၀.၀၀	၈၄၂.၉၀
၁၀	ရေး	၂	၂၄	၁၆၀၃	၂၆၂.၅၀		၈၈၆.၀၀	၂၂၀.၀၀	၁၃၆၈.၅၀
၁၁	တကိုယ်ပိုင်	၁	၁	၂၂	၁၀၀.၀၀				၁၀၀.၀၀
	စုစုပေါင်း	**၅၀**	**၂၃၂**	**၉၉၅၂**	**၄၅၆၉.၇၀**	**၁၇၂၀.၄၀**	**၂၈၀၃.၆၀**	**၃၆၆၀.၀၀**	**၁၂၃၅.၇၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ ဖေဖော်ဝါရီလအထိ) ၁၁ လတာကာလအတွင်း လယ်ယာထုတ်ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၂၃၄ ဒသမ ၂၀၂ သန်း၊ မွေးမြူရေး(ရေလုပ်ငန်းအပါ) ကဏ္ဍမှ ဒေါ်လာ ၆၆၃ ဒသမ ၃၁၈ သန်း၊ စုစုပေါင်းဒေါ်လာ ၃၈၉၇ ဒသမ ၅၁ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အချက်အလက်များအရ သိရသည်။ ထို့ကြောင့် တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကြောင့် နိုင်ငံအတွက် နိုင်ငံခြားငွေများစွာ ရရှိနေသည်မှာ သိသာထင်ရှားနေသည်။ ပြည်တွင်းစားသုံးမှုကို ထိန်းညှိရင်း ပြည်ပပို့ကုန်များ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်းဖြင့် ပို့ကုန်ရငွေတိုးမြင့်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်။ နိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးပေးခြင်းဖြင့် ယခုထက်ပိုမိုရ၍ နိုင်ငံခြားငွေရရှိလာစေရေး၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရေး ရှေးရှုကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်မှာ အနာဂတ်မြန်မာ့စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားသဖွယ် ရှိနေပေဦးမည်။

အရင်းမပျောက်မတည်ငွေများ ထောက်ပံ့ပေးမှု

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေများ ထောက်ပံ့ပေးမှုတွင် ကယား၊ ချင်း၊ ရခိုင်ပြည်နယ်သုံးခုအတွက် ကျပ် ၁၀ ဘီလီယံ စီဖြင့် ကျပ် ၃၀ ဘီလီယံ၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်း၊ တနင်္သာရီဝင်းခုအတွက် ကျပ် ရှစ်ဘီလီယံစီဖြင့် ကျပ် ၄၀ ဘီလီယံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ခြောက်ခုအတွက် ကျပ် ငါးဘီလီယံစီဖြင့် ကျပ် ၃၀ ဘီလီယံ၊ စုစုပေါင်းကျပ် ၁၀၀ ဘီလီယံဖြင့် နိုင်ငံတော်က မတည်ထောက်ပံ့ပေးကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်သည့်အစုအဖွဲ့၊ သမဝါယမအသင်းများ အနေဖြင့်လည်း ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် တည်ဆဲသမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် အထွေထွေစီးပွားရေးဆိုင်ရာ သမဝါယမအသင်းများကို ဖွဲ့စည်းမှတ်ပုံတင်ပေးလျက်ရှိရာ ၃၁-၃-၂၀၂၃ ရက်အထိ အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းဖြင့် သမဝါယမ အသင်းပေါင်း ၃၈၇၆၀ ကျော် ဖွဲ့စည်းမှတ်ပုံတင် ပေးထားကြောင်း သိရသည်။ ဖွဲ့စည်းပြီး သမဝါယမအသင်းအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP)၊ အကျိုးတူလယ်ယာစနစ် ကန်ထရိုက်လယ်ယာ စသည့် လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ကျေးလက်နေ ပြည်သူများ၏ ဆန္ဒနှင့်အညီ ဖွဲ့စည်းထားကြောင်းလည်း သိရသည်။

မျက်မှောက်ကာလတွင် ဖွဲ့စည်းပေးလျက်ရှိသည့် သမဝါယမအသင်းများမှာ အသင်းသားများ အကျိုးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည့် အနေအထားမျိုးဖြစ်အောင် အလေးပေးဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်ကောင်းမွန်လှသည်။ အချို့သော သမဝါယမအသင်းများမှာမူ အသင်းကိုယ်တိုင်စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းခိုင်မာလျက်ရှိနေသော်လည်း မူလပကတိအခြေခံ အုတ်မြစ်ပမာ တည်ရှိနေသည့် အသင်းဝင်/ အသင်းသားတစ်ဦးချင်းစီအတွက် စာမျက်နှာ ၁၁ သို့ ✤

“နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာ ကျေးလက်နေပြည်သူအများစုပါဝင်သည့် သမဝါယမအသင်းများမှတစ်ဆင့် တောင်သူတစ်ဦးချင်းစီသို့ ထိရောက်သောပံ့ပိုးပေးမှုဖြစ်ခြင်း၊ ငွေသားသက်သက်(သီးသန့်) ထုတ်ပေးခြင်းမဟုတ်ဘဲ လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ လုပ်အားခများကိုသာ ထောက်ပံ့ပေးခြင်း၊ ထွက်ပေါ်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကိုဈေးကွက်ချိတ်ဆက်ပေးမည့် အစီအစဉ်များပါရှိခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်းအဆင့်ဆင့်တို့က ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံ့စီးပွားရေး တိုးတက်မြင့်မားလာရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဆောင်ကြဉ်းပေးလျက်ရှိ”

✤ **စာမျက်နှာ ၁၀ မှ**

အကျိုးအမြတ်ခွဲဝေပေးမှု အားနည်းနေသေးသည်ကိုလည်း သမဝါယမလောကသားအချို့၏ ပြောကြားချက်အရ သိရသည်။ အသင်း၏အကျိုးအမြတ်ရရှိသည် အသင်းသားများအတွက် ဦးတည်ထောက်ပံ့ပေးရမည်ဖြစ်သကဲ့သို့ အသင်းရေရှည်ဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ အသင်းသားများအကျိုးကို ထိရောက်စွာထောက်ပံ့ပေးခြင်းဖြင့် သမဝါယမအပေါ် ပြည်သူတို့၏ ယုံကြည်မှုတိုးတက်လာမည်မှာလည်း ဧကန်မလွဲပေ။

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများတွင် သမဝါယမကဏ္ဍမှ မြစိမ်းရောင်(သမဝါယမ)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး စသည်တို့ကို လုပ်ကိုင်နေသည့် ကျေးလက်နေ သမဝါယမအသင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်မှာ မုချဧကန်ပင်။

အသင်းသားများ လက်ဝယ်အရောက်ထောက်ပံ့

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများတွင် သမဝါယမကဏ္ဍမှ ဆောင်ရွက်မည့် မြစိမ်းရောင်(သမဝါယမ) စီမံကိန်းလျာထား တင်ပြထားမှု၊ အဆိုပါ လျာထားတင်ပြမှုအနက်မှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အသင်းသားများ လက်ဝယ်အရောက် ယင်းတို့လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ(ဆီဖိုး)၊ တိရစ္ဆာန်အစာ စသည့် ပစ္စည်းများကို အသင်းဒါရိုက်တာအဖွဲ့ဝင်များ၊ ကော်မတီ အဆင့်ဆင့်မှ တာဝန်ယူ၊ တာဝန်ခံကြီးကြပ်မှုများဖြင့် ထောက်ပံ့ဆောင်ရွက်နေမှုများကို ဧယား(၁) နှင့် (၂)ဖြင့် ဖော်ပြထားပါသည်။

ဖော်ပြပါ ဧယားအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးသုံးခုတို့တွင် သမဝါယမကဏ္ဍအတွက် ကျပ် ၁၂၃၃ ဒသမ ၇ သန်း အဆိုပြုလျာထားခဲ့ပြီး ကျပ် ၈၉၀၅ ဒသမ ၀၄ သန်း အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ကျပ် ၃၄၄၈ ဒသမ ၆၆ သန်းကိုလည်း လာမည့်

(ဧယား-၂) **သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် မြစိမ်းရောင်(သမဝါယမ)စီမံကိန်းဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်များမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ် အရေ အတွက်	အသင်း အရေ အတွက်	အသင်း သား ဦးရေ	ဆောင်ရွက်လိုသည့်လုပ်ငန်းအတွက် ရန်ပုံငွေရရှိမှု (ကျပ်သန်း)				
					စိုက်ပျိုးရေး (သွင်းအားစုနှင့် ထွန်ယက်ခ+ ကန်ထရိုက် လယ်ယာ)	မွေး မြူ ရေး	ကျေးရွာ တစ်ရွာ ထုတ်ကုန်+ တစ်ခု အရောင်းဆိုင်	စက်ရုံများ တည်ဆောက်ခြင်း (သဘာဝမြေဩဇာ+ ဆန်စက်+ ဆီစက်)	စုစုပေါင်း
၁	ကချင်	၁၃	၅၇	၃၂၈၇	၁၀၈၀.၀၀	၂၅၇.၅၀	၉၀၀.၀၀		၂၂၃၇.၅၀
၂	ကယား	၁	၂၁	၅၃၂	၂၄၅.၀၀	၁၆၅.၀၀			၄၁၀.၀၀
၃	ကရင်	၂	၄	၃၄	၂၈၀.၀၀	၁၁၁.၆၀		၁၈၃၀.၀၀	၂၂၂၁.၆၀
၄	မွန်	၈	၂၈	၃၇၃၂	၁၀၂၅.၆၀	၂၁၅.၀၀	၃၀.၀၀	၁၀၀.၀၀	၁၃၇၀.၆၀
၅	ရခိုင်	၁၀	၂၁	၉၁၁	၂၀၂.၉၀	၉၈.၆၀	၁.၈၀		၃၀၃.၃၀
၆	ရှမ်းပြည်နယ်	၅	၈	၂၂၇	၁၁၈.၀၄	၁၈.၀၀	၅၀.၀၀	၃၀၀.၀၀	၄၈၆.၀၄
၇	ဧရာ	၂	၁၆	၁၀၄၆	၂၅၀.၀၀		၆၀၆.၀၀	၂၂၀.၀၀	၁၀၇၆.၀၀
၈	ပအိုဝ်း	၁	၁	၂၂				၇၀၀.၀၀	၇၀၀.၀၀
၉	ဝ ကိုယ်ပိုင်	၁	၁	၂၂	၁၀၀.၀၀				၁၀၀.၀၀
	စုစုပေါင်း	**၄၃**	**၁၅၇**	**၉၈၂၃**	**၃၃၀၁.၅၄**	**၈၆၅.၇၀**	**၁၅၈၇.၈၀**	**၃၁၅၀.၀၀**	**၈၉၀၅.၀၄**

ရာသီတွင် ကော်မတီအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP)လုပ်ငန်း၊ အရောင်းဆိုင်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင် (သမဝါယမ) စီမံကိန်းလက်စွဲစာစောင်ကို စနစ်တကျရေးဆွဲပြီး ကြီးကြပ်စီမံဆောင်ရွက်နေခြင်းကြောင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ပိုမို ထိရောက်စွာအကောင်အထည်ဖော်နိုင်တော့မည် ဖြစ်ပါသည်။

အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဆောင်ကြဉ်းပေး

အချုပ်ဆိုရသော် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ ကျေးလက်နေ ပြည်သူအများစုပါဝင်သည့် သမဝါယမအသင်းများမှတစ်ဆင့် တောင်သူတစ်ဦးချင်းစီသို့ ထိရောက်သော ပံ့ပိုးပေးမှုဖြစ်ခြင်း၊ ငွေသားသက်သက်(သီးသန့်) ထုတ်ပေးခြင်း မဟုတ်ဘဲ လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ လုပ်အားခများကိုသာ ထောက်ပံ့ပေးခြင်း၊ ထွက်ပေါ်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို စျေးကွက်ချိတ်ဆက်ပေးမည့် အစီအစဉ်များ ပါရှိခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်း အဆင့်ဆင့်တို့က ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံ့စီးပွားရေး တိုးတက်မြင့်မားလာရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဆောင်ကြဉ်းပေးလျက်ရှိနေသည်ကို မီးမောင်းထိုးပြလိုက်ရပါသည်။ ။

မုံရွာမြို့၌ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ မေ ၄

စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အခြေခံ ကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း အတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများက " ပြည်သူ့အတွက် အဆင်သင့်" တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်ကနိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမြှင့်တင်ပေးနိုင်သည့် စွမ်းအားအရင်းအမြစ် နှစ်ရပ်ရှိရာ ယင်းတို့မှာ လူစွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်တို့ ဖြစ်ကြောင်း၊ လူစွမ်းအားအရင်းအမြစ်၏ အဓိကမှာ"ပညာရေး" ဖြစ်ကြောင်း၊ အထူးသဖြင့် ပညာရေးသည် လူတို့၏ စိတ်သဘောထား၊ ကျွမ်းကျင်မှုနှင့် အသိပညာတို့၏ ပြောင်းလဲမှု ဖြစ်စဉ်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲရာတွင် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းသည်လည်း ပါဝင်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်ကကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၀ သိန်းပေးအပ်ချီးမြှင့်ပြီး ကင်းထောက်လူငယ်သင်တန်းသား သင်တန်းသူများက "ကင်းထောက်ဆိုသည်မှာ" တေးသီချင်း သီဆိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

အဆိုပါ အခြေခံကင်းထောက်လူငယ်သင်တန်းအား မေ ၄ ရက်မှ ၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွား မည်ဖြစ်ပြီး သင်တန်းသို့ မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူ ၆၈ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိုင်းဆတ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် မေ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျတီကျေးရွာအုပ်စု ကျတီကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေစစ်ဆေးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်ဝေ၊ မိုင်းဆတ်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျတီကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် နွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ လေးဖွဲ့မှ နွားတင်းကုပ် တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာကော်မတီများနှင့် တွေ့ဆုံကာ RBF စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုး ကျေးဇူးများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကျတီကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

။

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၈၃၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၅ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၀၇,၈၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၄၅၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး(၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖျာပုံမြို့နယ်၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ ကျင်းပ

ဖျာပုံ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီက ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တနန္ဒအရှင်သူမြတ်က ငါးပါးသီလနှင့် သြဝါဒကထာချီးမြှင့်တော်မူသည်။ ထို့နောက် ဖျာပုံခရိုင် မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ၊ ဖျာပုံခရိုင် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာများနှင့် ယောဂီတဘက်များ ထောက်ပံ့ပေးသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်တက်ရောက်ပြီး မေ ၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၇

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် မေ ၄

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြစ်ကြီးနားမြို့ ခေမာသီဝံ ကျောင်းတိုက် ဒုတိယနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတ ဝန်းသို့ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ကေတုမာလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုသော သံဃာတော် ၄၅ ပါးတို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကန်ကြီးထောင့်မြို့နယ်၌ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်

ကန်ကြီးထောင့် မေ ၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကြီးမှူး၍ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့ နံနက် ၈ နာရီက ကန်ကြီးထောင့် မြို့မရဲစခန်းဝင်းရှိ မြကေသီ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နာယက ဒုဥက္ကဋ္ဌဆရာတော်က လမ်းညွှန် သြဝါဒစကားမြွှတ်ကြားခဲ့ပြီး သင်တန်းမှူးဆရာတော်က မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသူ သင်တန်းသားများကို အားပေးစကားပြောကြားခဲ့ပြီး အခမ်းအနားအား သင်တန်းသစ္စာ အဓိဋ္ဌာန်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၀ရက်ကြာဖွင့်လှစ်သွားမည်

အဆိုပါ သင်တန်းကို ကန်ကြီးထောင့် မြို့မရဲစခန်း တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ သားသမီးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလ မေ ၄ ရက်မှ ၁၃ ရက်အထိ ၁၀ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကန်ကြီးထောင့်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

၂၀၂၃ ခုနှစ် အရှေ့အာရှဒေသ၏ ယဉ်ကျေးမှုမြို့တော်အစီအစဉ် ဂျပန်နိုင်ငံ၌ ကျင်းပ

တိုကျို မေ ၄

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများ အကြား ယဉ်ကျေးမှုနှင့် အနုပညာဖလှယ်ရေးအစီအစဉ်အရ ၂၀၂၃ ခုနှစ် အရှေ့အာရှဒေသ၏ ယဉ်ကျေးမှုမြို့တော် ရှိဂိုအိုကာအစီအစဉ်ကို ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဇူအိုကာမြို့၌ စတင်ကျင်းပခဲ့သည်။

နှစ်စဉ်နှစ်တိုင်း မြို့တော်တစ်ခု (သို့မဟုတ်) နှစ်ခုကို အရှေ့အာရှဒေသ၏ ယဉ်ကျေးမှုမြို့တော်များအဖြစ်သတ်မှတ်၍ ယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရေး ဆောင်ရွက်လေ့ရှိသည်။ ယခုနှစ်အတွက် ယဉ်ကျေးမှုမြို့တော်အဖြစ် သတ်မှတ်ထားသည့်မြို့များမှာ တရုတ်နိုင်ငံရှိ ချန်ဒူးနှင့် မိအိုက်ဇူ၊ ဂျပန်နိုင်ငံရှိ ရှီဇူအိုကာမြို့နှင့် တောင်ကိုရီးယားနိုင်ငံရှိ ဂျေအွန်မီဂျီ မြို့တို့ဖြစ်သည်။

ယခုကဲ့သို့ အရှေ့အာရှဒေသ ယဉ်ကျေးမှုမြို့တော်များကို ရွေးချယ်ခြင်းသည် အရှေ့အာရှဒေသတစ်ခုလုံး၏ ဆက်သွယ်ရေးနှင့် ကူးလူးဖလှယ်ရေးကို မြှင့်တင်ရုံသာမက ယဉ်ကျေးမှုနှင့် အနုပညာလှုပ်ရှားမှုများကို ထည့်သွင်းကျင်းပခြင်းဖြင့် အရှေ့အာရှ ယဉ်ကျေးမှုနှင့် အာရှယဉ်ကျေးမှုကို ကမ္ဘာသို့ပြသနိုင်ခဲ့ကြောင်း သိရသည်။

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ကျယ်ပြန့်စွာ တည်ရှိနေပြီး ၎င်းယဉ်ကျေးမှုအရင်းအမြစ်များကို ကောင်းစွာအသုံးချ၍ ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ရှီဇူအိုကာ ခရိုင်အုပ်ချုပ်ရေးမှူး ဟိုက်တာကူဝါကက်ဆုက ပြောကြားသည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများကို ပြသသည့် အစီအစဉ်သို့ ပရိသတ် ၆၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ



အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ကလေးငယ် ၁၀၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

ဝါရှင်တန် မေ ၄

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူကလေးငယ်ပေါင်း ၁၀၀၀၀ ကျော် စစ်ဆေးတွေ့ရှိရကြောင်း အမေရိကန် ကလေးအထူးကုအကယ်ဒမီ(AAP)နှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ကလေး ၁၅ ဒသမ ၆ သန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ခုနစ်လအတွင်း အပတ်စဉ် စစ်ဆေးတွေ့ရှိသည့် ကလေးရောဂါဖြစ်ပွားမှုမှာ ပျမ်းမျှအားဖြင့် ၂၇၀၀၀ ခန့် မြင့်တက်လာခဲ့ပြီး လွန်ခဲ့သည့် လေးပတ်အတွင်း အပတ်စဉ် ပျမ်းမျှအစီရင်ခံမှုဖြစ်ပွားမှုမှာ ၁၀၀၀၀ ခန့်အထိ လျော့ကျသွားကြောင်း သိရသည်။

ဗီဇပြောင်းမျိုးကွဲအသစ်များနှင့် ဆက်စပ်သော ရောဂါခံစားရမှုများနှင့် ရေရှည်အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန် အသက်အရွယ်အလိုက် အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ကပ်ရောဂါ၏ လက်ငင်းသက်ရောက်မှုများရှိနေသည်ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ ထို့ပြင် မျိုးဆက်သစ်ကလေးငယ်များနှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝများပေါ်တွင် ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန်လည်း လိုအပ်ကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီ(AAP)နှင့် ကလေးဆေးရုံအသင်းက ဆိုသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ် အခြေအနေမှ ရုပ်သိမ်းရန် သင့်၊ မသင့် ဆွေးနွေးမည်

ဂျီနီဗာ မေ ၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေမှ ရုပ်သိမ်းရန် သင့်၊ မသင့် ဆွေးနွေးရန် ကျွမ်းကျင်ပညာရှင်ကော်မတီတစ်ရပ်ကို ခေါ်ယူဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးစောင့်ကြည့်ရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ၂၀၂၀ ပြည့်နှစ် ဧနခေါ်ရီလတွင် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

အရေးပေါ်အခြေအနေပြီးဆုံးကြောင်း ကြေညာရန်သင့်၊ မသင့်ကို ကမ္ဘာ့နိုင်ငံများ၏ ရောဂါကူးစက်မှုအခြေအနေများအပေါ် အခြေခံပြီး အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပလျက်ရှိသည်။

လာမည့်အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူများနှင့် ကျန်းမာရေးအရာရှိများကို ခေါ်ယူဆွေးနွေးသွားမည်ဖြစ်သည်။

ဧနခေါ်ရီလတွင်ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ကော်မတီဝင်များက ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျန်ရှိနေသေးသည့်အတွက် အရေးပေါ်အခြေအနေမှ ရုပ်သိမ်းရန် အချိန်စောလွန်းသည်ဟု ကောက်ချက်ချခဲ့သည်။ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် ဗီဇပြောင်းမျိုးကွဲများ၏ အန္တရာယ်နှင့် ပတ်သက်၍ မသေချာမရေရာမှုများကဲ့သို့သော အကြောင်းရင်းများ ရှိနိုင်သေးကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။

ယခုနှစ်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူဦးရေ တိုးလာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သော်လည်း လက်ရှိတွင် အရေအတွက်မှာ လျော့ကျသွားကြောင်း သိရသည်။

လွန်ခဲ့သည့် လေးပတ်တာကာလအတွင်း သေဆုံးမှုအရေအတွက်သည် ၁၀၀၀၀ အထိ ရှိခဲ့သည်။

ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကို အဆုံးသတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြီးခဲ့သည့်သီတင်းပတ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်က ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါသည် လူသားများနှင့်အတူ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတကာအသိုက်အဝန်းက ကိုဗစ်-၁၉ ရောဂါ အပေါ် ၎င်းတို့၏တုံ့ပြန်မှုများကို ဖြေလျှော့ပေးလျက်ရှိစဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကို အရေးပေါ်အခြေအနေမှ ရုပ်သိမ်းရန် သင့်၊ မသင့် ဆွေးနွေးသွားမည်ဖြစ်သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ သဘောတူညီ

တိုကျို မေ ၄

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် နှစ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးများက မေ ၂ ရက်တွင် သဘောတူညီခဲ့ကြောင်း ယနေ့ အင်နန်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဆူဇူကီးရှူနီချီနှင့် တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ချူးကျော်ဟိုတို့သည် အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်လည်အစည်းအဝေးပြင်ပ၌ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် တောင်ကိုရီးယားနိုင်ငံ အင်ချန်းမြို့၌ သဘောတူညီခဲ့ခြင်းဖြစ်သည်။

ခုနစ်နှစ်တာကာလအတွင်း ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပထမဆုံးအကြိမ် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

ပထဝီနိုင်ငံရေးအန္တရာယ်များနှင့် ထောက်ပံ့ရေးကွင်းဆက်မတည်ငြိမ်မှုများကြောင့် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲများ ပျက်ခဲ့ရပြီး လက်ရှိတွင် နှစ်နိုင်ငံ ဘဏ္ဍာရေးအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် လိုအပ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၂၀၁၅ ခုနှစ်တွင် ငွေကြေးလဲလှယ်မှုဆိုင်ရာ သဘောတူညီချက် သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲများလည်း ရပ်နားခဲ့ရခြင်းဖြစ်သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ၊
ဘာသာပြန် - အလင်းသစ်

ဂျပန်နိုင်ငံက ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရန် အမေရိကန်ဒေါ်လာ ၂၆ သန်း လှူဒါန်းမည်

မနီလာ မေ ၄

ဂျပန်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုများကို တိုက်ဖျက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်နေသည့် ချေးငွေအစီအစဉ်အား အမေရိကန်ဒေါ်လာ ၂၆ သန်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ အင်ချန်၌ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဆူဇူကီးရှူနီချီက ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းအစည်းအဝေးသို့ နိုင်ငံပေါင်း ၆၀ ခန့်မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများလည်း တက်ရောက်ခဲ့သည်။ အာရှ-ပစိဖိတ်နိုင်ငံများသို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရန်ပေးအပ်မည့် အဆိုပါ ချေးငွေအစီအစဉ်အရ အာရှဖွံ့ဖြိုးရေးဘဏ်က ၎င်းနိုင်ငံများအား အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ ချေးငွေ ပေးအပ်သွားမည်ဖြစ်သည်။ ယခုကဲ့သို့သော ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအထောက်အကူပြု လုပ်ငန်းများအား အရှိန်မြှင့်ဆောင်ရွက်ရန် ဝန်ကြီး ဆူဇူကီးက တိုက်တွန်းခဲ့သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စိစံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

တရားမဝင်ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့မှ ဒုရဲမှူး ဦးဆောင်သောအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် မေတ္တာလမ်းအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Harrier ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Vacuum Cup ၉၅ ခု (ခန့်မှန်း တန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Used Tyres အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mistubishi Fuso ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၃ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သံလွင်တံတား(မော်လမြိုင်)ဘက်ခြမ်း၌ စုပုံထားသော ယိုးဒယားနိုင်ငံထုတ် စားသုံးဆီများကို မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပုစွန်နှစ်ကောင် အဆင့်မြင့် စားအုန်းဆီ လီတာ ၉၆၀ အပါအဝင် စားသုံးဆီလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၆၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက မေ ၃ ရက်တွင် တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၂၈ ဒသမ ၄၆၅ တန်နှင့် သစ်မာ ၄ ဒသမ ၀၈၂၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၁၉၃၁၈၈)ကိုလည်းကောင်း၊ မေ ၄ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁၄ ဒသမ ၈၁၃ တန်နှင့်သစ်မာ၃ ဒသမ ၇၆၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၇၉၉၃၂)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၃၇၃၁၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၁၈၁၁၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကျေးရွာနေ ချိုသန္တာထွန်း(ခ)ချစ်ဆု သည် ၎င်းအသုံးပြုသည့် “Chit Su” Facebook အကောင့်နှင့် မြင်းခြံမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ကေသွယ်ဦးသည် ၎င်းအသုံးပြုသည့် “Kay Thwe Oo” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အင်းစိန်မြို့နယ်၌ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု (၁/၂၀၂၃) သင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ဖွင့်လှစ်သည်။ ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြီးငွေတို့က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ရေလုပ်သား ၂၀ အား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းစေရေး၊ မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရေယာဉ်မောင်း စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်းအကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ရှေးဦးပြုစုခြင်း၊ ငါး၊ ပုစွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာပေးဆိုင်ရာ သိကောင်းစရာများကို ကျွမ်းကျင်ပညာရှင်များက တစ်ရက်တာ သင်ကြားပို့ချပေးကြကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

တောင်ကြီး လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲ ကျင်းပ

တောင်ကြီး မေ ၄

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကို မေ ၂ ရက် ညနေ ၆ နာရီခွဲက တောင်ကြီးမြို့ အိမ်တော်မြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လူရည်ချွန်မောင်မယ်များအနေဖြင့် ရှမ်းပြည်နယ်၏ ဒေသန္တရများကို လေ့လာပြီးဖြစ်ကြောင်း၊ နောင်နှစ်များတွင်လည်း လူရည်ချွန်မောင်မယ်များအား နိုင်ငံတော်ကသတ်မှတ်ပေးမည့် နေရာတွင် ပါဝင်နိုင်ရန် မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီး လူရည်ချွန်စခန်းမှ ကြီးကြပ်သူများ၊ လူရည်ချွန်ကြီးများနှင့် လူရည်ချွန် မောင်မယ်များအား ရှမ်းပြည်နယ်ဒေသထွက် ပစ္စည်းများဖြစ်သော အင်းလေးလေ့ပုံများ၊ Crystal Trophy များ၊ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲကျင်းပ၍ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံအဆိုရှင်များက ဇည့်ခံဖျော်ဖြေကြပြီး လူရည်ချွန်စခန်းသိမ်းပွဲ အထိမ်းအမှတ်အဖြစ် မီးပုံးပျံငယ်များ လွှတ်တင်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီးတံခွန်စိုက်ဖလား စစ်တုရင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

မော်လမြိုင် မေ ၄

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ပြည်ထောင်စုဝန်ကြီးတံခွန်စိုက်ဖလားစစ်တုရင်ပြိုင်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လက်ရည်စမ်းလူရွေးချယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခန့်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးက စစ်တုရင်ရုပ်အား အကွက်ရွှေ့ပြိုင်ပွဲကိုဖွင့်လှစ်ပေးရာ စစ်တုရင်ကစားသမား ၁၄ ဦးက သတ်မှတ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို မေ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပတ်လည်ယှဉ်ပြိုင်စနစ်ဖြင့်ကစားကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးနှင့် အရန်ကစားသမား ခြောက်ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား နေအိမ်အရောက် ရေလှူဒါန်း

မော်လမြိုင် မေ ၄

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေအခက်အခဲဖြစ်လျက်ရှိသည့် မွန်ပြည်နယ်အတွင်းရှိ လှိုင်၊ သာယာအေး၊ ရွှေမြိုင်သီရိရပ်ကွက်နေ ပြည်သူများအား ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်၍ နေအိမ်များအရောက် ရေများအခမဲ့လှူဒါန်းပေးခဲ့ကြသည်။

လှူဒါန်းပေးခဲ့

ထိုသို့ လှူဒါန်းပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယု၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးကျော်သူ ဦးဆောင်၍ သန္ဓေ+အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယံယာဉ်များဖြင့် ရေဂါလန် ၁၇၈၀၀ ကို ရပ်ကွက်နေ ပြည်သူများအား နေအိမ်များအရောက် အခမဲ့ကုသိုလ်ပြု လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မအူပင်အကျဉ်းထောင်မှ အကျဉ်းသား ၂၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မအူပင် မေ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မအူပင်အကျဉ်းထောင်မှ အကျဉ်းသား ၂၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါအကျဉ်းထောင်၏ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

သြဝါဒစကားများ ပြောကြား

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် အကျဉ်းထောင်တာဝန်ခံအရာရှိတို့က အကျဉ်းသားများအား တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များပေးအပ်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS BARAKUDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၄ မိနစ် ၃၆.၅၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၂ မိနစ် ၀၀.၉၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် ၅၄.၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၂၀.၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၂ မိနစ် ၃၃.၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၂၂.၂၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၁၁.၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၂၂.၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၅၀.၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၁၂.၁၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၈ မိနစ် ၃၈.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆.၅၉ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၀၃.၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၁ မိနစ် ၄၇.၆၃ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၁ မိနစ် ၄၉.၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၀၃.၈၇ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် မေ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS BARAKUDA ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

အင်းတော်ကြီးကန်၌ ငါးရစ် ငါးသန်ရာသီချိန်ကာလ ငါးများမဖမ်းဆီးရန် တားမြစ်

နေပြည်တော် မေ ၄

ကချင်ပြည်နယ် အင်းတော်ကြီးဒေသ အင်းတော်ကြီးကန်၌ ငါးရစ် ငါးသန်ရာသီချိန်ကာလဖြစ်သော တန်ခူးလဆန်း တစ်ရက်နေ့မှ ဒုတိယဝါဆိုလပြည့်နေ့အထိ ငါးများမဖမ်းဆီးရန် တားမြစ်ထားကြောင်း သိရသည်။

ထို့ပြင် စည်ပင်သာယာဈေးများနှင့် ကျေးရွာ/ရပ်ကွက်ဈေးများတွင်လည်း ငါးရစ်ငါးသန်ငါးများကို ဝယ်ယူစုဆောင်းခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်ကြရန်လည်း တားမြစ်ထားသည်။

ငါးရစ် ငါးသန် ရာသီချိန်တွင် ငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဝယ်ယူစုဆောင်းရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်ရန် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ-၃၉(ဃ) အရ တားမြစ်ထားပြီး ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ-၅၀ အရ ငွေကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း သိရသည်။

သတင်းစဉ်

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၆-၅-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၁၈)တွင် သူတစ်ပါးအပေါ် စိတ်ကောင်းထားရှိ၍ ကောင်းကျိုးများကို ခံစားခဲ့ရသော ညီထွေးအကြောင်းကို တင်ဆက်ထားသည့် "အဖေပြောသော ရတနာ"မျက်နှာဖုံးကာတွန်း၊ လျှပ်စစ်ဓာတ်တီထွင်ခြင်းအဆင့်ဆင့်ကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "လျှပ်စစ်ဓာတ်ကို တီထွင်ခြင်း"သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ စျေးရောင်းရာ၌ မိမိ၏အကျိုးအမြတ်ကိုသာ မကြည့်ဘဲ ဝယ်ယူစားသောက်သူများအတွက် ကျန်းမာရေးနှင့်အညီ ရောင်းချသင့်ကြောင်း ရေးဖွဲ့ထားသည့် "ဖြိုးရဲ- အမြတ်" နှစ်မျက်နှာကာတွန်း၊ ပညာကို စာသင်ကျောင်းမှာသာမက အခြားရရှိနိုင်သော ပြင်ပနေရာများတွင်ပါ ကြိုးစားသင်ယူပါက မိမိအတွက် အကျိုးများနိုင်ပုံအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "ပညာဆိုသည်မှာ"ဝတ္ထုကဏ္ဍ၊ ခွေးကို အမဲရိုးကောက်ခိုင်းရာ ကားပြင်သောခွကို ကောက်ခဲ့၍ ဒုက္ခရောက်ရသော ဖိုးထူးအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးထူး-အသင်မှားတော့ အမြင်မှား" တစ်မျက်နှာကာတွန်း၊ မိဘကျေးဇူးသိတတ်သည့် ယုန်လေးနှင့် သူတစ်ပါး၏အသက်ကို အန္တရာယ်ပေးမိ၍ သူကိုယ်တိုင် အသက်ဆုံးရှုံးသွားသော မြေခွေးအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "မိဘကျေးဇူးသိတတ်တဲ့ ယုန်လေး"ပုံပြင်ကဏ္ဍ၊ သူတစ်ပါး၏အသားကိုစားလို၍ ဒုက္ခရောက်ရသော မြေခွေးနှင့် ဉာဏ်ပညာကြီးမား၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သော ယုန်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "အိမ်စောင့်နတ်"နှစ်မျက်နှာကာတွန်း၊ ဘေးအန္တရာယ်ကို သတိမမူဘဲ ကစားမက်လွန်း၍ မိခင်၏အပြစ်ပေးခြင်းကိုခံရသော ချက်စူအကြောင်းကို ရေးဖွဲ့ထားသည် "ချက်စူရဲ့ အပြင်ထွက်ချင်လွန်းတော့" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားတစ်ယောက်အနေဖြင့် မိမိ၏ပါမောက္ခအား ခွင့်တိုင်ကြားခြင်း ပြောဆိုပုံအမျိုးမျိုးကို တင်ဆက်ထားသည့် ရွှေသွေးအင်္ဂလိပ်စကားပိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဟသ်တမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အင်းလေလံနှင့် ပိုက်ချက်တင်ဒါရောင်းချပွဲ ကျင်းပ

ဟသ်တ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်တခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အင်းလေလံနှင့် ပိုက်ချက်တင်ဒါရောင်းချပွဲကို ယနေ့နံနက် ၁၀ နာရီက ဟသ်တခရိုင် ငါးလုပ်ငန်းဦးစီးမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဟသ်တခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက တင်ဒါကြီးကြပ်ရေးကော်မတီဖွဲ့စည်းထားရှိမှုနှင့် အင်းလေလံပိုက်ချက်တင်ဒါရောင်းချမှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမြသိန်းက အင်းလေလံနှင့်ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အလိုက် အင်းလေလံနှင့် ပိုက်ချက်တင်ဒါများကို ရောင်းချခဲ့ကြရာ ပထမအကြိမ် အင်းလေလံနှင့်ပိုက်ချက်ကို ဟသ်တခရိုင်တွင် ၃၃ အင်းမှ ၂၇ အင်း လေလံတင်ရောင်းချခဲ့ပြီး တင်ဒါပိုက်ချက် ၁၆ ချက်မှ ၁၂ ချက် ရောင်းချခဲ့ရကာ ကျန်အင်းတင်ဒါပိုက်ချက်များကို ဒုတိယအကြိမ် ထပ်မံရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၈၇၅	၁၉၂၅	၁၉၂၀	၁၈၈၅	၁၉၂၅	၁၉၄၅	၁၉၃၀	၁၉၁၀	၂၀၀၅	၂၀၂၅	၁၉၁၅	၁၉၂၅	၁၉၆၀	၁၉၆၀	၁၉၆၅	၂၁၉၅	၂၈၁၀
95 Ron	၁၉၄၅	၁၉၉၅	၁၉၉၅	၁၉၅၅	၁၉၉၅	၂၀၂၀	၂၀၀၅	၁၉၈၀	၂၀၈၀	၂၀၉၅	၁၉၈၅	၂၀၀၅	၂၀၃၅	၂၀၃၅	၂၀၃၅	၂၂၆၅	၂၈၈၅
HSD (500 ppm)	၁၈၀၅	၁၈၅၅	၁၈၅၀	၁၈၁၅	၁၈၅၅	၁၈၇၅	၁၈၇၀	၁၈၄၀	၁၉၆၀	၁၉၅၅	၁၈၄၅	၁၈၅၅	၁၈၉၀	၁၈၉၀	၁၈၉၅	၂၁၂၅	၂၉၀၀
HSD (50 ppm)	၁၈၈၅	၁၉၃၅	၁၉၃၀	၁၈၉၅	၁၉၃၅	၁၉၅၅	၁၉၅၀	၁၉၂၀	၂၀၄၀	၂၀၃၅	၁၉၂၅	၁၉၃၅	၁၉၇၀	၁၉၇၀	၁၉၇၅	၂၂၀၅	၂၉၃၀
HSD (10 ppm)	၁၈၈၅	၁၉၃၅	၁၉၃၀	၁၈၉၅	၁၉၃၅	၁၉၅၅	၁၉၅၀	၁၉၂၀	၂၀၄၀	၂၀၃၅	၁၉၂၅	၁၉၃၅	၁၉၇၀	၁၉၇၀	၁၉၇၅	၂၂၀၅	၂၉၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၇၇၅	၁၈၄၄
95 Ron	၁၈၄၄	၁၉၁၅
HSD (500 ppm)	၁၇၁၁	၁၇၇၄
HSD (50 ppm)	၁၇၈၅	၁၈၅၀
HSD (10 ppm)	၁၇၈၅	၁၈၅၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ကမ္ဘောဒီးယား	၅	၄	၀	၉
ဖိလစ်ပိုင်	၂	၂	၃	၇
ထိုင်း	၁	၁	၁	၃
လာအို	၁	၀	၃	၄
အင်ဒိုနီးရှား	၀	၁	၅	၆
မြန်မာ	၀	၁	၃	၄
ဗီယက်နမ်	၀	၀	၃	၃
ဘရူနိုင်း	၀	၀	၀	၀
မလေးရှား	၀	၀	၀	၀
စင်ကာပူ	၀	၀	၀	၀
တီမောလက်စ်တေ	၀	၀	၀	၀

ဆီးဂိမ်း Kun Bokator အားကစားနည်းတွင် မြန်မာအားကစားအဖွဲ့ ငွေတစ်ခု၊ ကြေးသုံးခု စတင်ဆွတ်ခူး

ရန်ကုန် မေ ၄

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း Kun Bokator ပြိုင်ပွဲ ပထမနေ့ကို ယနေ့တွင် စတင်ကျင်းပရာ မြန်မာအားကစား အဖွဲ့က ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။

